Northern Territory Government

DEPARTMENT OF **HOUSING**

# ဧည့်သည် စီမံခန့်ခွဲရေး မူဝါဒ

## အိမ်ငှါးရမ်းသူ အချက်အလက် စာရွက်

အိုးအိမ်ဦးစီး ဌာနတွင် အိမ်ငှါးရမ်းသူများအား မိမိတို့၏ ဧည့်သည်များကို စီမံရန် ကူညီသောအနေဖြင့် ဧည့်သည် စီမံခန့်ခွဲရေး မူဝါဒ တစ်ခု ရှိပါသည်။

### ဧည့်သည်များသည် မည်မျှကြာအောင် နေနိုင်ပါသလဲ။

ဧည့်သည်များသည် သင့်ခွင့်ပြုချက်ဖြင့် နှစ်ပတ် (14 ရက်) အထိ နေနိုင်ပါသည်။ အကယ်၍ သင့် ဧည့်သည်/များ သည် နှစ်ပတ်ထက်ကျော်လွန်၍ နေမည်ဆိုလျှင် သင်သည် အိုးအိမ်ဦးစီး ဌာနသို့ ခွင့်ပြုချက်အတွက် လျှောက်ရမည်။

### ဧည့်သည် တစ်ဦးနေရန်အတွက် ကျွန်ုပ် မည်သို့လျှောက်ရမည်နည်း။

သင့်အနေဖြင့် မည်သူက သင်နှင့်အတူနေပြီး မည်မျှကြာအောင် နေလိမ့်မည်ဖြစ်ကြောင်း ကျွန်ုပ်တို့အား ပြောပြရန် ဧည့်သည် ရက်တိုး၍နေရန် လျှောက်လွှာပုံစံ [ Visitor Extended Stay application form] တစ်ခုကို ဖြည့်စွက်ရန် လိုအပ်သည်။

၎င်းပုံစံကို သင့် ဒေသ အိုးအိမ်ဦးစီးဌာန ရုံးနှင့် အိုးအိမ်ဦးစီး ဌာန ဝက်ဘ်ဆိုက်တွင် ရရှိနိုင်ပါသည်။ ဌာနသည် သင့် လျှောက်လွှာကို စိစစ်မည်ဖြစ်ပြီး ရလဒ်ကို သင့်အား အကြောင်းကြားပေးမည်။ ၎င်းပုံစံကို ဖြည့်စွက်ရန် အကယ်၍ သင် အကူအညီ လိုအပ်လျှင် သင့်ဒေသ အိုးအိမ်ဦးစီးဌာန ရုံးသို့ သွားရောက်ပါ။

### တစ်ကြိမ်လျှင် ဧည့်သည် မည်မျှ ကျွန်ုပ်နှင့်အတူ နေနိုင်ပါသလဲ။

၎င်းသည် လက်ရှိ၌ လူမည်မျှ သင်နှင့်အတူ နေထိုင်နေသည့်အပေါ် မူတည်မည်ဖြစ်ပြီး သင့်အိမ်တွင် အိပ်ခန်း မည်မျှရှိသည့်အပေါ် မူတည်မည်ဖြစ်သည်။

### ကျွန်ုပ်၏ ဧည့်သည်များကို စီမံရန် မည်သို့သော အကူအညီကို ကျွန်ုပ် ရနိုင်ပါသလဲ။

အကယ်၍ သင် သင့်ဧည့်သည်များကို စီမံရာ၌ အကူအညီလိုအပ်လျှင် သင်သည် ဖုန်း 131 444 ကိုခေါ်နိုင်သည် သို့မဟုတ် သင့် ဒေသ အိုးအိမ်ဦးစီးဌာန ရုံးကို ဆက်သွယ်နိုင်သည် သို့မဟုတ် အများပြည်သူ အိမ်ရာချပေးရေး လုံခြုံမှု အရာရှိကို ဖုန်း 1800 685 743 ဖြင့်ခေါ်နိုင်သည်။

အိုးအိမ်ဦးစီးဌာန ရုံး ဆက်သွယ်ရမည့် ဖုန်းနံပါတ်များနှင့် တည်နေရာများ၏ စာရင်းတစ်ခုကို စာမျက်နှာ 2 တွင် ကြည့်ရှုပါ။

ဌာနသည်လည်း သင့် ဧည့်သည်များကို စီမံရန် ကူညီပေးနိုင်ပါသည်။ ၎င်းတွင် ပါဝင်သည်မှာ ဌာနသည် သင့် ဧည့်သည်များနှင့်တိုက်ရိုက် ပြောဆိုပေးမည်၊ ဧည့်သည်များ ထွက်ခွာပေးရန် စာတစ်စောင် ထုတ်ပြန်ပေးမည်၊ သင့်အိမ်တွင် လူပြည့်ကျပ်နေမှု ရှိမရှိ လူဦးရေကို စိစစ်ပေးမည် သို့မဟုတ် အိမ်ငှါးရမ်းမှု တည်တန့်ရေး အစီအစဉ် [Tenancy Sustainability Program] မှတစ်ဆင့် သင့်အား အထောက်အကူပြုပေးမည် တို့ဖြစ်သည်။

### ဧည့်သည် တစ်ဦးနေနိုင်ရန် အချိန်ကို အဘယ်ကြောင့် ကန့်သတ်ထားပါသလဲ။

အိုးအိမ်ဦးစီးဌာန၏ အိမ်ငှါရမ်းသူအဖြစ် သင့်တွင် သင့်ဧည့်သည်များ၏ အမူအကျင့်အတွက် တာဝန်ရှိသည်။

ဧည့်သည်များကို စီမံထားခြင်းသည် သင့်လူ့အသိုင်းအဝိုင်းနှင့်မိသားစု တို့နှင့်ကောင်းမွန်သော ဆက်ဆံရေးများကို ထိန်းသိမ်းထားရန် သင့်အား အထောက်အကူပြုသည်၊ သင့်အိမ်နှင့်အိမ်နီးချင်းတွင် ငြိမ်းချမ်းသော ပတ်ဝန်းကျင်တစ်ခုကို သာယာစေရန်အထောက်အကူပြုသည် ၎င်းပြင် သင့်အိမ်တွင် လူပြည့်ကျပ် မနေစေရန် သေချာအောင် အထောက်အကူပြုသည်။

### ကျွန်ုပ်၏ လျှောက်လွှာကို ခွင့်ပြုမည်လား။

ဌာန၏ဝန်ထမ်းများတွင် နှစ်ပတ် (14 ရက်) ထက်ကျော်လွန်၍ နေထိုင်မည့် ဧည့်သည်များအတွက် တောင်းခံချက်များကို စဉ်းစားရာ၌ ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့် ရှိသည်။ တစ်ခါတစ်ရံတွင် ဧည့်သည်များသည် ယဉ်ကျေးမှုဆိုင်ရာ၊ အားကစားဆိုင်ရာ၊ ဆေးဝါးဆိုင်ရာ သို့မဟုတ် မိသားစုဆိုင်ရာ အကြောင်းပြချက်များကြောင့် ပိုမို၍ နေရန်လိုအပ်ကြောင်း ဌာနအနေဖြင့် နားလည်ပါသည်။

ကြာကြာနေမည့် ဧည့်သည်များကို ၎င်းတို့မှာ လူပြည့်ကျပ်အောင် ဖြစ်စေနိုင်လျှင် ၊ ၎င်းတို့ တစ်နေရာရာ၌ အမြဲတမ်းအိမ်ရှိသည့် အထောက်အထား မတင်ပြနိုင်လျှင်၊ ၎င်းတို့ ဌာနတွင် အကြွေးတင်နေလျှင် သို့မဟုတ် ၎င်းတို့သည် ယခင် အိမ်ငှါးရမ်းသူ တစ်ဦး ဖြစ်နေလျှင် သို့မဟုတ် ၎င်းတို့သည် ဌာန၏အိမ်ငှါးရမ်းမှုကို လွန်ခဲ့သည့် နှစ်နှစ် ကာလအတွင်း အဆုံးသတ်ခဲ့သည့် နှင့်/သို့မဟုတ် ဌာနမှပြန်ယူလိုက်သည့် နေထိုင်သူအဖြစ် အသိအမှတ်ပြုခံရသည့် သူများဖြစ်နေလျှင် ဌာနသည် ငြင်းပယ်ပါလိမ့်မည်။

## အကယ်၍ ကျွန်ုပ်၏ ဧည့်သည်များသည် လူပြည့်ကျပ်အောင် ဖြစ်စေလျှင် သို့မဟုတ် လူမှုရေးနှင့်ဆန့်ကျင်သည့် အမူအကျင့် ရှိလျှင် ဘာဖြစ်မည်နည်း။

လူပြည့်ကျပ်နေမှုမှာ စိုးရိမ်စရာ တစ်ခုဖြစ်လျှင် ဌာနသည် ဧည့်သည်များကို ထွက်ခွာပေးရန် ပြောကောင်းပြောနိုင်သည်။ အကယ်၍ ဧည့်သည်က ထွက်ခွာရန် ငြင်းဆန်လျှင် ဌာနသည် မူဝါဒကို အတည်ပြုရန် ဥပဒေဆိုင်ရာ နည်းလမ်းများကို သုံးကောင်းသုံးနိုင်သည်။

အကယ်၍ ဧည့်သည်များသည် လူမှုရေးဆန့်ကျင်သော အမူအကျင့်ကို ဖြစ်စေလျှင် သင်သည် သင့်ဧည့်သည်ကို ထွက်ခွာပေးရန် ပြောကောင်းပြောနိုင်သည် သို့မဟုတ် အကူအညီအတွက် ဖုန်း 131 444 ကိုခေါ်နိုင်သည် သို့မဟုတ် သင့် ဒေသ အိုးအိမ်ဦးစီးဌာန ရုံး သို့မဟုတ် အများပြည်သူ အိမ်ရာချပေးရေး လုံခြုံမှု ရုံး ကိုဖုန်း 1800 685 743 ဖြင့်ခေါ်နိုင်သည်။

ဌာနသည်လည်း ဧည့်သည်များအား အမူအကျင့်ကို ရပ်ဆိုင်းရန် ညွှန်ကြားစာ ထုတ်နိုင်သည် သို့မဟုတ် အခြား ဥပဒေအရ တရားစွဲဆိုမှုကို လုပ်နိုင်သည်။

ညွှန်ကြားစာသည် ၎င်းလူအား လူမှုရေးဆန့်ကျင်သော အမူအကျင့်ကို မလုပ်ရန် သို့မဟုတ် လုပ်နေခြင်းမှရပ်တန့်ပေးရန် ညွှန်ကြားနိုင်ကောင်း ညွှန်ကြားနိုင်သည်။ အကယ်၍ ၎င်းလူသည် အိမ်၏ အိမ်ငှါးရမ်းသူ မဟုတ်လျှင် ညွှန်ကြားစာတွင် ထွက်ခွာပေးရန် ညွှန်ကြားသည့် အကြောင်းကြားစာ ပါကောင်း ပါနိုင်သည်။

အကယ်၍ သင့်တွင် လူပြည့်ကျပ်အောင် ဖြစ်စေသည့် ဧည့်သည်များရှိပါက ဌာနအနေဖြင့် သင့်ဧည့်သည်များကို ထွက်ခွာပေးရန် ပြောကောင်းပြောနိုင်သည် သို့မဟုတ် သင်၏ပူးပေါင်းဆောင်ရွက်မှုနှင့်ခွင့်ပြုချက်ဖြင့် ကျူးကျော်ဝင်ရောက်မှု နို့တစ်စာ ထုတ်ပြန်ကောင်း ထုတ်ပြန်နိုင်သည်။

ဌာနသည် သင့် အိမ်ငှါးရမ်းမှု သဘောတူညီချက် ဖောက်ဖျက်မှုကို ကုစားပေးရန် နို့တစ်စာတစ်စောင်ကိုလည်း ထုတ်ပြန်ကောင်း ထုတ်ပြန်နိုင်သည်၊ ယင်းနောက် ၎င်းနို့တစ်စာကို သင် သင့်ဧည့်သည်များအား ပြသနိုင်သည်။ သင်သည် ဤနို့တစ်စာကို ဧည့်သည်များအား သူတို့အနေဖြင့် အိမ်တွင် မနေနိုင်တော့ကြောင်း ပြောပြရန် သုံးနိုင်သည်။

## ဤမူဝါဒသည် ဝေးလံခေါင်းပါး နေရာများတွင် နေထိုက်လျက်ရှိသည့် အိမ်ငှါးရမ်းသူများအား သက်ဆိုင်ပါသလား။

သက်ဆိုင်ပါသည်။

ဤမူဝါဒသည် မြောက်ပိုင်းအုပ်ချုပ်ခံနယ်မြေ [Northern Territory] ရှိ အများပြည်သူအိမ်ရာတွင် နေထိုင်သည့် အများပြည်သူ အိမ်ရာ အိမ်ငှါးရမ်းသူများနှင့် ဧည့်သည်များ အားလုံးနှင့် သက်ဆိုင်သည်။

## အိမ်ရာချပေးရေး ဌာန ရုံးများ၏ ဆက်သွယ်ရမည့် ဖုန်းနံပါတ်များနှင့် တည်နေရာ

| | |
|---|---|
| **Casuarina** - Cascom Centre, Trower Road | p: 08 8922 5542 |
| **Darwin** - RCG Centre, 47 Mitchell Street | p: 08 8999 8814 |
| **Palmerston** - Highway House, Chung Wah Terrace | p: 08 8999 4767 |
| **Alice Springs** – Level 1, Alice Plaza, 36 Todd Mall | p: 08 8951 5344 |
| **Tennant Creek** - NT Government Centre, Peko Road | p: 08 8962 4497 |
| **Katherine** - NT Government Centre, First Street | p: 08 8973 8536 |
| **Nhulunbuy** - Shop 2 Arnhem House, Endeavour Square | p: 08 8987 0533 |